**ချင်းအမျိုးသားညီလာခံဘုံသဘောတူညီချက်များအကောင်အထည်ဖေါ်ရေးပေါင်းစပ်ညှိနှိုင်းမှုကော်မတီ**

**(Coordinating Committee for the Implementation of Chin National Conference's Resolutions)**

**ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး သဘောထားထုတ်ပြန်ချက်**

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်

ဟားခါးမြို့၊ ချင်းပြည်နယ်

ကော်မတီ၏ ၂၀၁၄ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကိုပြန်လည်သုံးသပ်ရန်နှင့် ၂၀၁၅ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များကိုချမှတ်နိုင်ရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် ချင်းတိုင်းရင်းသားတို့၏ ပါဝင်မှုအခန်းကဏ္ဍကို ဆွေးနွေးသုံးသပ်နိုင်ရန်အတွက်လည်းကောင်း ချင်းအမျိုးသားညီလာခံ ဘုံသဘောတူညီချက်များအကောင်အထည်ဖေါ်ရေး ပေါင်းစပ်ညှိနှိုင်းမှုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၄-၁၆ ရက်များအတွင်း ချင်းပြည်နယ်၊ ဟားခါးမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ၎င်းအစည်းအဝေးသို့ ကော်မတီဝင်များနှင့် အထူးဖိတ်ကြားသည့် ကိုယ်စားလှယ်များ စုစုပေါင်း(၅၀)ဦး တက်ရောက်ခဲ့ပြီး၊ ကော်မတီ၏ ၂၀၁၅ခုနှစ်အတွင်း ဦးစားပေးအကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သော သဘောတူညီချက် (၆၁)ချက်ကို ချမှတ်နိုင်ခဲ့သည်။

ကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအား အောက်ပါအတိုင်းအလေးအနက်တိုက်တွန်းကြောင်း ထုတ်ပြန်လိုက်သည်။

၁။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အမြန်ဆုံးလက်မှတ်ရေးထိုး၍ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို ၂၀၁၅ခုနှစ် ရွေးကောက်ပွဲမတိုင်မီ စတင်ကျင်းပရန် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား အလေးအနက်တိုက်တွန်းသည်။

၂။ ချင်းအမျိုးသားတပ်ဦး(CNF)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)တို့ နှစ်ဘက်သဘောတူချုပ်ဆိုထားသော စာချုပ်များပါအချက်အလက်များကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် အလေးအနက်တိုက်တွန်းသည်။

၃။ ဘာသာကူးပြောင်းမှုဥပဒေ(မူကြမ်း)သည် ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၈တို့နှင့်ဆန့်ကျင်သည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ လူတစ်ဦးချင်းစီ၏ လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုဆိုင်ရာအခွင့်အရေးများကို ထိပါးသည်။ ထို့ပြင် လက်ရှိဖော်ဆောင်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုသော်လည်းကောင်း၊ လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးတို့ကိုသော်လည်းကောင်း ထိခိုက်စေနိုင်သည့်အတွက် ဤဥပဒေ(မူကြမ်း)ကို လွှတ်တော်မှပြဋ္ဌာန်းခြင်းမပြုရန် အလေးအနက်တိုက်တွန်းသည်။

၄။ ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနောက်ဆက်တွဲလုပ်ငန်းစဉ်အဖြစ် တိုင်းရင်းသားလူမျိုးများအတွင်း နီးနောဖလှယ်ညှိနှိုင်းမှုလုပ်ငန်းစဉ်ကို တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ညှိနှိုင်းကာ စတင်ဆောင်ရွက်ရန် ဗဟိုသန်းခေါင်စာရင်းကော်မရှင်အား အလေးအနက် တိုက်တွန်းသည်။

၅။ ၂၀၁၅ခုနှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအား လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား အလေးအနက် တိုက်တွန်းသည်။

**ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ -**

ဆလိုင်းအိုက်ဇက်ခင် - ညှိနှိုင်းရေးမှူး (ဖုန်း - ၀၉ ၄၅၀ ၀၃၅ ၈၈၅)

ဆလိုင်းကျုံးလျန်ထောင်း - ပူးတွဲညှိနှိုင်းရေးမှူး (ဖုန်း - ၀၉ ၄၅၀ ၀၄၅ ၅၆၄)

**မှတ်ချက်။** ချင်းအမျိုးသားညီလာခံ ဘုံသဘောတူညီချက်များအကောင်အထည်ဖေါ်ရေး ပေါင်းစပ်ညှိနှိုင်းမှုကော်မတီသည် ၂၀၁၃ခုနှစ် ချင်းအမျိုးသားညီလာခံမှ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သောကော်မတီဖြစ်ပြီး၊ ချင်းနိုင်ငံရေးပါတီများ၊ ချင်းအမျိုးသားတပ်ဦး၊ ချင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ချင်းဘာသာရေးအဖွဲ့အစည်းများ၊ ချင်းအမျိုးသမီးနှင့်လူငယ်အဖွဲ့အစည်းများစသည်တို့မှ စေလွှတ်သည့်ကိုယ်စားလှယ်များနှင့် ချင်းတတ်သိပညာရှင်များဖြင့်ဖွဲ့စည်းထားသောကော်မတီ ဖြစ်ပါသည်။